**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**
**ကုသရေးဦးစီးဌာန**

စာအမှတ်၊ စီမံကိန်း/အထူးပြု(၉)လ/၂၀၁၉/ ၈၈၀
ရက်စွဲ၊ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ( ၄ )ရက်

**'အမှာစာ'**

အကြောင်းအရာ။ **အထူးပြုသူနာပြုဒီပလိုမာ (၉)လသင်တန်းအတွက် လျှောက်လွှာခေါ်ယူခြင်းကိစ္စ။**

ရည်ညွှန်းချက် ။ သူနာပြုတက္ကသိုလ်၊ မန္တလေး၏ (၂၈-၈-၂၀၁၉) ရက်စွဲပါ စာအမှတ်၊ ၂၂၅၀/သနပ/သက(အထူးပြုဝင်ခွင့်)

၁။ အထက်ရည်ညွှန်းပါစာအရ သူနာပြုတက္ကသိုလ်၊ မန္တလေးတွင် ၂၀၂၀ ပညာသင်နှစ်၌ ဖွင့်လှစ်မည့် အထူးပြုသူနာပြုဒီပလိုမာ(၉)လသင်တန်းဝင်ခွင့်အတွက် ပူးတွဲဖော်ပြပါ သတ်မှတ်ချက် အရည်အချင်းများနှင့် ပြည့်စုံသူများသည် သက်ဆိုင်ရာဌာနအကြီးအကဲ ထောက်ခံချက်ဖြင့် ညွှန်ကြားရေးမှူးချုပ်၊ ကုသရေးဦးစီးဌာန၊ ရုံးအမှတ်(၄)၊ နေပြည်တော်သို့လိပ်မူ၍ (၂၅-၉-၂၀၁၉)ရက်နေ့ (၁၆း၃၀)နာရီနောက်ဆုံးထား လျှောက်ထားနိုင်ပါသည်။

၂။ ကြိုတင်လျှောက်လွှာတစ်စောင်ကို ငွေသွင်းချလံမူရင်းနှင့်တကွ သူနာပြုတက္ကသိုလ်၊ မန္တလေးသို့ တိုက်ရိုက်ပေးပို့ရပါမည်။

မှတ်ချက်။ (၁) သင်တန်းဝင်ခွင့်ဖြေဆိုရန်အတွက် သတ်မှတ်ထားသော ခွင့်ရက်မပါ လုပ်သက်ပြည့်ပြီး လက်ရှိတာဝန်ထမ်းဆောင်နေသော နိုင်ငံ့ဝန်ထမ်းဖြစ်ကြောင်း သက်ဆိုင်ရာဌာနအကြီးအကဲ၏ ထောက်ခံချက်ပါရှိရမည်။

(၂) လျှောက်လွှာပိတ်ရက်ကျော်လွန်မှ ရောက်ရှိလာသော လျှောက်လွှာများ/ သက်ဆိုင်ရာဌာနအကြီးအကဲမှတဆင့် ကုသရေးဦးစီးဌာနသို့ လျှောက်ထားခြင်းမပြုသော လျှောက်လွှာများကိုလည်း စာမေးပွဲဖြေဆိုခွင့်ပြုမည် မဟုတ်ပါ။

ညွှန်ကြားရေးမှူးချုပ် (ကိုယ်စား)
(ဒေါက်တာဝင်းရည်မွန်၊ ညွှန်ကြားရေးမှူး)

ဖြန့်ဝေခြင်း-

ပါမောက္ခချုပ်၊ သူနာပြုတက္ကသိုလ်၊ မန္တလေး
ဒုတိယညွှန်ကြားရေးမှူးချုပ်များအားလုံး
ညွှန်ကြားရေးမှူးများအားလုံး၊ ကုသရေးဦးစီးဌာန(မိမိလက်အောက်ရှိ ဌာနများသို့ ထပ်ဆင့် အကြောင်းကြားပေးပါရန် မေတ္တာရပ်ခံချက်ဖြင့် ပေးပို့ပါသည်)
တိုင်းဒေသကြီး/ပြည်နယ်ကုသရေးဦးစီးဌာနမှူးများအားလုံး (မိမိလက်အောက်ရှိ ဌာနများသို့ ထပ်ဆင့်အကြောင်းကြားပေးပါရန် မေတ္တာရပ်ခံချက်ဖြင့် ပေးပို့ပါသည်)
ဗဟိုအဆင့် ဆေးရုံအုပ်ကြီးများအားလုံး (မိမိလက်အောက်ရှိ ဌာနများသို့ ထပ်ဆင့် အကြောင်းကြားပေးပါရန် မေတ္တာရပ်ခံချက်ဖြင့် ပေးပို့ပါသည်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
သူနာပြုတက္ကသိုလ်-မန္တလေး

ရက်စွဲ၊ ၂၀၁၉ခုနှစ်၊ဩဂုတ်လ(၂၈)ရက်

**အထူးပြုသူနာပြုဒီပလိုမာ (၉) လ သင်တန်းလျှောက်လွှာခေါ်ယူခြင်း**

သူနာပြုတက္ကသိုလ်-မန္တလေးတွင် ၂၀၂၀-ပညာသင်နှစ်၌ ဖွင့်လှစ်မည့် အထူးပြုသူနာပြုဒီပလိုမာ (၉) လ သင်တန်းဝင်ခွင့်အတွက် အောက်ဖော်ပြပါသတ်မှတ်ချက် အရည်အချင်းနှင့်ကိုက်ညီသည့်သူနာပြုများ လျှောက်ထားနိုင်ကြောင်း ကြေညာအပ်ပါသည် -

**၁။ ဖွင့်လှစ်မည့် အထူးပြုသူနာပြုဒီပလိုမာ (၉) လ သင်တန်းများ**

| စဉ် | သင်တန်းအမျိုးအစား |
|---|---|
| (က) | ကလေးကျန်းမာရေးအထူးပြုသူနာပြုဒီပလိုမာ |
| (ခ) | အထူးကြပ်မတ်ကုသမှုအထူးပြုသူနာပြုဒီပလိုမာ |
| (ဂ) | မျက်စိ၊ နား၊နှာခေါင်း၊ လည်ချောင်း၊ဦးခေါင်းနှင့်လည်ပင်းရောဂါ အထူးပြုသူနာပြုဒီပလိုမာ |
| (ဃ) | စိတ်ကျန်းမာရေးအထူးပြုသူနာပြုဒီပလိုမာ |
| (င) | အရိုးအထူးပြုသူနာပြုဒီပလိုမာ |
| (စ) | နှလုံးနှင့်သွေးကြောဆိုင်ရာအထူးပြုသူနာပြုဒီပလိုမာ |
| (ဆ) | အစာအိမ်နှင့်အူလမ်းကြောင်းဆိုင်ရာအထူးပြုသူနာပြုဒီပလိုမာ |
| (ဇ) | ကျောက်ကပ်နှင့်ဆီးလမ်းကြောင်းဆိုင်ရာအထူးပြုသူနာပြုဒီပလိုမာ |

**၂။ အရည်အချင်းသတ်မှတ်ချက်**

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) သူနာပြုသိပ္ပံဘွဲ့ (သို့မဟုတ်) သူနာပြု-သားဖွားဒီပလိုမာအောင်မြင်သူဖြစ်ရမည်။

(ဂ) မြန်မာနိုင်ငံသူနာပြုနှင့်သားဖွားကောင်စီတွင် မှတ်ပုံတင်ထားပြီး သူနာပြု-သားဖွားလိုင်စင်ကိုင်ဆောင်သည့် လက်ရှိလုပ်ငန်းခွင်မှ သူနာပြုများဖြစ်ရမည်။

(ဃ) လျှောက်လွှာပိတ်သည့် ( ၃၀ - ၉ -၂၀၁၉) ရက်နေ့တွင် သူနာပြုလုပ်သက် ( လစာမဲ့ခွင့်မပါ ) အနည်းဆုံး (၂) နှစ်ပြည့်ပြီး နိုင်ငံတာဝန်ထမ်းဆောင်ဆဲ လုပ်ငန်းခွင်မှ သူနာပြုများဖြစ်ရမည်။

(င) ပြင်ပဝန်ထမ်းစည်းကမ်းချက် Foreign Service Term ဖြင့် တာဝန်ထမ်းဆောင်ခဲ့ပြီးသူဖြစ်ပါက မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိပြီးနောက် (၁) နှစ် တာဝန်ထမ်းဆောင်ပြီးသူ ဖြစ်ရမည်။

(စ) သင်တန်းတက်ရောက်အောင်မြင်ပြီးပါက နိုင်ငံ့ဝန်ထမ်းအဖြစ်(၂) နှစ် ဆက်လက် တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။

(ဆ) သင်တန်းတက်ရောက်ခွင့်ရရှိပြီး သင်တန်းကိုမတက်ရောက်လျှင်သော်လည်းကောင်း (မှတ်ပုံတင်ခြင်းပြုသည်ဖြစ်စေ၊ မပြုသည်ဖြစ်စေ)၊ သင်တန်းကိုပြီးဆုံးအောင် တက်ရောက်ခြင်း မရှိလျှင် သော်လည်းကောင်း၊ သင်တန်းပြီးဆုံး အောင်မြင်ပြီးပါက နိုင်ငံ့ဝန်ထမ်းအဖြစ် (၂) နှစ်ဆက်လက် တာဝန်ထမ်းဆောင်ခြင်း မရှိလျှင်သော်လည်းကောင်း၊ သတ်မှတ်ထားသော သင်တန်း လျော်ကြေးငွေ(၂၀၀၀၀၀/-)(ကျပ်နှစ်သိန်းတိတိ)ကို ပေးဆောင်ရန် ကတိခံဝန်ချက် ချုပ်ဆိုနိုင်သူဖြစ်ရမည်။

**၃။ လျှောက်လွှာပေးပို့ရန် -**

(က) **လျှောက်လွှာပိတ်ရက် - ( ၃၀ - ၉ -၂၀၁၉)ရက်နေ့**

- လျှောက်လွှာမူရင်းကို မိမိသက်ဆိုင်ရာဌာနအကြီးအမှူးမှတဆင့် လျှောက်ထားရမည်ဖြစ်သည်။

- သက်ဆိုင်ရာဌာနအကြီးအမှူးမှတဆင့်စိစစ်ပြီးသော လျှောက်လွှာများကို သူနာပြုတက္ကသိုလ်၊မန္တလေးသို့ ( ၃၀ - ၉ -၂၀၁၉)ရက်နေ့ နောက်ဆုံးထား ပေးပို့ လျှောက်ထားရမည်။

ကုသရေးဦးစီးဌာန
စာပေးစာယူဌာနစိတ်
အမှတ် - 283
ရက် - 3-9-19

မှတ်ချက်။ (၁) လျှောက်လွှာပိတ်ရက်ထက် နောက်ကျပြီး ပေးပို့သောလျှောက်လွှာများ၊

(၂) သတ်မှတ်ချက် မပြည့်စုံသော လျှောက်လွှာများ။

(၃) သက်ဆိုင်ရာ ဌာနအကြီးအမှူးမှတဆင့် လျှောက်ထားခြင်း မရှိသော လျှောက်လွှာများကို (လုံးဝ) လက်ခံစဉ်းစားမည်မဟုတ်ပါ။

(ခ) **လျှောက်လွှာနှင့်အတူ ပေးပို့ရမည့် အချက်အလက်များ -**

(၁) သူနာပြု/သားဖွားအောင်လက်မှတ်(မိတ္တူမှန်)

(၂) သူနာပြုလိုင်စင်(မိတ္တူ)၊(အမည်/လိုင်စင်နံပါတ်ပါစာမျက်နှာနှင့် နောက်ဆုံးသက်တမ်းတိုးထားသည့် စာမျက်နှာ(၂) ရွက်သာပေးပို့ရန်)

(၃) ဝန်ထမ်းကိုယ်ရေး(မိတ္တူမှန်) နှင့် ဝန်ထမ်းစိစစ်ရေးကတ်(မိတ္တူ)

(၄) (၆) လအတွင်းရိုက်ကူးထားသော ပတ်(စ်)ပို့အရွယ်ဓါတ်ပုံ (၁) ပုံကို လျှောက်လွှာတွင်ကပ်ပြီး အပို(၂) ပုံကိုပူးတွဲပေးပို့ရန်၊ (ကျောဘက်တွင်အမည်၊ မှတ်ပုံတင် နှင့် လိပ်စာရေးရန်)

(၅) အကျင့်စာရိတ္တကောင်းမွန်ကြောင်း၊ ပြစ်မှုကင်းရှင်းကြောင်း၊ ပါတီနိုင်ငံရေးကင်းရှင်းကြောင်း နှင့် လက်ရှိတာဝန်ထမ်းဆောင်နေကြောင်း သက်ဆိုင်ရာဌာနအကြီးအမှူး၏ထောက်ခံစာ (မူရင်း)။

(၆) သူနာပြုတက္ကသိုလ်၊မန္တလေး၏ မြန်မာ့စီးပွားရေးဘဏ်(၂)၊ မန္တလေးမြို့တွင် ဖွင့်လှစ်ထားသော ငွေစာရင်းအမှတ် (MD-၀၁၂၈၇၆) သို့ အထူးပြုသူနာပြုဒီပလိုမာ (၉) လ သင်တန်း ဝင်ခွင့်စာမေးပွဲကြေးကျပ်(၁၀၀၀/-)(ကျပ်တစ်ထောင်တိတိ)ကို ပေးသွင်းထားသည့် ချလံ မူရင်း (၁)စောင်၊

(မှတ်ချက်။ မြို့နယ်မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲများမှတဆင့် မြန်မာ့စီးပွားရေးဘဏ် (၂)၊ မန္တလေးမြို့ရှိ သူနာပြုတက္ကသိုလ်-မန္တလေး၊ ငွေစာရင်းအမှတ် (MD- ၀၁၂၈၇၆) သို့ လိပ်မူ၍ ငွေလွှဲ စနစ်ဖြင့်လည်း ပေးသွင်းနိုင်ပါသည်။)

၄။ ဝင်ခွင့်စာမေးပွဲဖြေဆိုခြင်း

သက်ဆိုင်ရာဌာနအကြီးအမှူး၏ခွင့်ပြုချက်ရယူလျက် ဝင်ခွင့်အရည်အချင်းစစ်(ရေးဖြေ၊နှုတ်ဖြေ) စာမေးပွဲများကို လာရောက်ဖြေဆိုရမည်။

(က) **ခုံအမှတ်စာရင်းထုတ်ပြန်မည့်ရက် / နေရာ -**

နေ့ရက် - (၃၀ - ၁၀ -၂၀၁၉)ရက်နေ့၊(ဗုဒ္ဓဟူးနေ့)
နေရာ - သူနာပြုတက္ကသိုလ်-မန္တလေး

(ခ) **ဖြေဆိုခွင့်ကတ်ထုတ်ပေးမည့် ရက် / နေရာ -**

နေ့ရက် - (၇- ၁၁ -၂၀၁၉)ရက်နေ့မှ ( ၈ - ၁၁ -၂၀၁၉)ရက်နေ့အထိ
နေရာ - သူနာပြုတက္ကသိုလ်-မန္တလေး
(ရုံးချိန်အတွင်း ထုတ်ယူရမည်)။

(ဂ) **ရေးဖြေစာမေးပွဲဖြေဆိုရမည့် နေ့ရက်/နေရာ -**

နေ့ရက် - ( ၁၆ - ၁၁ -၂၀၁၉)ရက်နေ့ (စနေနေ့)
နေရာ - သူနာပြုတက္ကသိုလ်-မန္တလေး

မှတ်ချက်။ (သူနာပြုတက္ကသိုလ်-မန္တလေးမှ သီးခြားခေါ်စာပေးပို့မည်မဟုတ်ပါ။)
ဖြေဆိုခွင့်ရရှိသူများစာရင်းကို သူနာပြုတက္ကသိုလ်-မန္တလေး၏ Website:www.uonmdy.edu.mm တွင် ကြေညာပေးပါမည်။

(ဃ) **ရေးဖြေစာမေးပွဲဖြေဆိုရမည့်အချိန်ဇယား -**

နေ့ရက် - (၁၆ - ၁၁ -၂၀၁၉)ရက်နေ့၊ ( စနေနေ့)

နေရာ - သူနာပြုတက္ကသိုလ်-မန္တလေး

| စဉ် | အချိန် | စစ်ဆေးမည့်ဘာသာရပ် | မေးခွန်းပုံစံ |
|---|---|---|---|
| (၁) | နံနက်ပိုင်း<br>(၀၉:၀၀)နာရီ<br>မှ<br>(၁၁:၀၀)နာရီ<br>အထိ | မေးခွန်းလွှာ (၁) –<br><u>သူနာပြုစုမှုပညာဘာသာရပ်များ</u><br>(က) မိခင်နှင့်ကလေးကျန်းမာရေးသူနာပြုစုမှုပညာ<br>(ခ) လူကြီးကျန်းမာရေးသူနာပြုစုမှုပညာ<br>(ဂ) ပြည်သူ့ကျန်းမာရေးသူနာပြုစုမှုပညာ<br>(ဃ) စိတ်ကျန်းမာရေးသူနာပြုစုမှုပညာ<br>(င) သူနာပြုစီမံခန့်ခွဲရေးနှင့်အုပ်ချုပ်မှုပညာ | (၂) နာရီ မေးခွန်း<br>ဘာသာရပ် (၁) ခုလျှင်<br>MCQ(၁၀) ပုဒ်စီ<br>(၅) ဘာသာ (၅၀) ပုဒ်<br><br>၁-ပုဒ် (၂) မှတ်စီ<br>ပေးမှတ်ပေါင်း=၁၀၀ |
| (၂) | ညနေပိုင်း<br>(၁၃:၀၀) နာရီ<br>မှ<br>(၁၅:၀၀) နာရီ<br>အထိ | မေးခွန်းလွှာ(၂)-<br>အင်္ဂလိပ်စာ | (၂) နာရီ မေးခွန်း<br>ပေးမှတ်ပေါင်း=၁၀၀ |

(င) **ရေးဖြေအောင်စာရင်း (နှုတ်ဖြေဖြေဆိုခွင့်) ထုတ်ပြန်ကြေငြာမည့် နေ့ရက်/နေရာ -**

နေ့ရက် - (၂၂ - ၁၁ -၂၀၁၉)ရက်နေ့၊( သောကြာနေ့)

နေရာ - သူနာပြုတက္ကသိုလ်-မန္တလေး

(စ) **လူတွေ့နှုတ်ဖြေစာမေးပွဲဖြေဆိုရမည့် နေ့ရက်/နေရာ -**
**(အကြောင်းကြားစာသီးခြားပေးပို့မည် မဟုတ်ပါ)**

| | | |
|---|---|---|
| (၁) | ဖြေဆိုရမည့် နေ့ရက်/ အချိန် | (၂၇ - ၁၁ -၂၀၁၉)ရက်နေ့ မှ (၂၉ - ၁၁ -၂၀၁၉)ရက်နေ့ထိ နေ့စဉ် နံနက်(၀၉:၀၀) နာရီ မှ (၁၆:၃၀) နာရီထိ |
| (၂) | ဖြေဆိုရမည့် နေရာ | သူနာပြုတက္ကသိုလ်- မန္တလေး |

(ဆ) **သင်တန်းတက်ရောက်ခွင့်ရသူ (နှုတ်ဖြေစာမေးပွဲအောင်မြင်သူ) စာရင်းကြေညာခြင်း -**

နေ့ရက် - ( ၆ - ၁၂-၂၀၁၉)ရက်နေ့၊( သောကြာနေ့)

နေရာ - သူနာပြုတက္ကသိုလ်-မန္တလေး

**၅။ သင်တန်းဖွင့်မည့် နေ့ရက် / နေရာ -**

(က) သင်တန်းဖွင့်မည့် နေ့ရက် - (၂ - ၁ -၂၀၂၀)ရက်နေ့၊( ကြာသပတေးနေ့ )

(ခ) သင်တန်းဖွင့်မည့် နေရာ - သူနာပြုတက္ကသိုလ်-မန္တလေး

၆။ သင်တန်းတက်ရောက်မည့်သူများသည် နိုင်ငံ့ဝန်ထမ်းများဖြစ်သဖြင့် သင်တန်းတက်နေစဉ် ကာလအတွင်း လစာအပြည့်ဖြင့် **တာဝန်ထမ်းဆောင်ချိန် (On Duty)** သတ်မှတ်ပေးမည်။

၇။ **အထက်ပါကြေညာချက်နှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက သူနာပြုတက္ကသိုလ်-မန္တလေးသို့ ရုံးချိန်အတွင်း မေးမြန်းစုံစမ်းနိုင်ပါသည်။**

**ဖုန်းနံပါတ် - ၀၂-၈၀၄၀၁၅၊ ၀၂-၈၁၂၇၃၊ ၀၉-၄၄၄၀၃၅၅၀၆**

ပါမောက္ခဒေါက်တာခင်သက်ဝေ
ပါမောက္ခချုပ်
သူနာပြုတက္ကသိုလ်-မန္တလေး
မန္တလေးမြို့။

စာအမှတ်- ၂၂၅၀ /သနပ/သက(အထူးပြုဝင်ခွင့်)။
ရက်စွဲ။၂၀၁၉ခုနှစ်၊ဩဂုတ်လ(၂၈)ရက်။

ဖြန့်ဝေခြင်း။

ပြည်ထဲရေးဝန်ကြီးဌာန
ကာကွယ်ရေးဝန်ကြီးဌာန
နယ်စပ်ရေးရာဝန်ကြီးဌာန
စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန
စက်မှုဝန်ကြီးဌာန
ပညာရေးဝန်ကြီးဌာန
ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ
မြန်မာနိုင်ငံတော်ဗဟိုဘဏ်
ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ နေပြည်တော်
(ထပ်ဆင့်ဖြန့်ဝေပေးနိုင်ရန်လျှောက်လွှာ(၁၅)စောင်ကို ပူးတွဲပေးပို့ပါသည်။)
ညွှန်ကြားရေးမှူးချုပ်၊ ကုသရေးဦးစီးဌာန၊ နေပြည်တော်
(ထပ်ဆင့်ဖြန့်ဝေပေးနိုင်ရန်လျှောက်လွှာ(၁၅)စောင်ကို ပူးတွဲပေးပို့ပါသည်။)
ညွှန်ကြားရေးမှူးချုပ်၊ ဆေးသုတေသနဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်၊ တိုင်းရင်းဆေးပညာဦးစီးဌာန၊ နေပြည်တော်
ညွှန်ကြားရေးမှူးချုပ်၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊နေပြည်တော်
ညွှန်ကြားရေးမှူးချုပ်၊ အားကစားနှင့်ကာယပညာဦးစီးဌာန၊ နေပြည်တော်
ညွှန်ကြားရေးမှူးချုပ်၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ နေပြည်တော်။
ပါမောက္ခချုပ်၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(ရန်ကုန်/မန္တလေး)
ပါမောက္ခချုပ်၊ သူနာပြုတက္ကသိုလ်(ရန်ကုန်)
ပါမောက္ခချုပ်၊ အခြေခံကျန်းမာရေးတက္ကသိုလ်(မကွေး)
ပါမောက္ခချုပ်၊ ဗဟိုဝန်ထမ်းတက္ကသိုလ်၊အထက်မြန်မာပြည်(ဇီးပင်ကြီး)
ပါမောက္ခချုပ်၊ ဗဟိုဝန်ထမ်းတက္ကသိုလ်၊အောက်မြန်မာပြည်(ဖောင်ကြီး)
ဆေးဝန်ထမ်းညွှန်ကြားရေးမှူး၊ ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး၊ကာကွယ်ရေးဝန်ကြီးဌာန
ညွှန်ကြားရေးမှူး၊(စီမံကိန်း/သူနာပြု) ၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန/ကုသရေးဦးစီးဌာန
ကျောင်းအုပ်ကြီး/ကျောင်းအုပ်၊ သူနာပြု/သားဖွားသင်တန်းကျောင်း၊.........................မြို့

(ပူးတွဲ-လျှောက်လွှာပုံစံ)

သူနာပြုတက္ကသိုလ်-မန္တလေး

"အထူးပြုသူနာပြုဒီပလိုမာ (၉)လ သင်တန်းဝင်ခွင့်လျှောက်လွှာ"

.....................................................................အထူးပြုသူနာပြုဒီပလိုမာ (၉)လ သင်တန်း

| | | |
|---|---|---|
| ၁။ | အမည်အပြည့်အစုံ(မြန်မာ/အင်္ဂလိပ်) | |
| ၂။ | လူမျိုးနှင့်ကိုးကွယ်သည့်ဘာသာ | |
| ၃။ | အမျိုးသားမှတ်ပုံတင်အမှတ်/<br>နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် | |
| ၄။ | မွေးသက္ကရာဇ် | |
| ၅။ | ပညာအရည်အချင်း | |
| ၆။ | လုပ်သက်/အလုပ်စတင်ထမ်းဆောင်သည့်<br>နေ့ရက်(လစာမဲ့ခွင့်မပါ ) | |
| ၇။ | သူနာပြုလိုင်စင်နံပါတ်/ရရှိသည့်ရက်စွဲ | |
| ၈။ | အဘအမည်အပြည့်အစုံ | |
| ၉။ | အမျိုးသားမှတ်ပုံတင်အမှတ်/<br>နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် | |
| ၁၀။ | အမိအမည်အပြည့်အစုံ | |
| ၁၁။ | အမျိုးသားမှတ်ပုံတင်အမှတ်/<br>နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် | |
| ၁၂။ | လက်ရှိရာထူးနှင့်တာဝန်ထမ်းဆောင်သည့်ဌာန | |
| ၁၃။ | ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ/ဖုန်းနံပါတ် | |

လျှောက်ထားသူလက်မှတ် - ........................................
အမည် - ........................................
ရာထူး - ........................................
ဌာန - ........................................

အထက်ဖော်ပြပါအချက်အလက်များသည် မှန်ကန်ပါကြောင်းထောက်ခံပါသည်။

လက်မှတ် - ........................................
အမည် - ........................................
ရာထူး - ........................................
ဌာန - ........................................